# ပြင်ဆင်မှု

**ပြင်ဆင်မှု** ဆိုသည်မှာ-

ခုံအဖွဲ့က ချမှတ်သည့် အမိန့်တွင် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ နစ်နာသူက ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် ခုံအဖွဲ့သို့ ပြန်လည် တင်ပြသည့် အမှုကို ဆိုသည်။

## ကာလစည်းကမ်းသတ်

ပြင်ဆင်မှု လျှောက်ထားခြင်းကို ခုံအဖွဲ့၏ စီရင်ချက် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း အချိန်မှီ လျှောက်ထားရန် လိုအပ်ပါသည်။

## အမှုတင်သွင်းလျှောက်ထားခြင်း

- အမှုတင်သွင်းလျှောက်ထားပါက လျှောက်ထားသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင် ရှေ့နေဖြင့် ဖြစ်စေ အခွန်အယူခံ ခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်ပါသည်။
- အမှုတင်သွင်း လျှောက်ထားပါက သတ်မှတ်ပုံစံ နှင့် အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲလျက် လျှောက်ထားရန် လိုအပ်ပါသည်။
- အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် ပြန်လည်သုံးသပ်မှုနှင့် ပြင်ဆင်မှု လျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာပါရှိရန်လိုအပ်ပါသည်-
  - ရုံးခွန်အက်ဥပဒေနှင့်အညီတံဆိပ်ခေါင်းကပ်နှိပ်ထားသော **ပြန်လည် သုံးသပ်မှု/ ပြင်ဆင်မှု လျှောက် ထားလွှာ ပုံစံ (အခယ-၂)** မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊
  - အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊
  - အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း(၁)စောင် နှင့် မိတ္တူ (၆) စောင် ၊
  - ကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့်လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်း ကပ်နှိပ်ထားသော တရားမ ကိုယ်စားလှယ်လွှဲစာ (Civil Power) မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင် ၊ ကိုယ်စားလှယ်ဖြစ်ပါက အယူခံ တရားလိုမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ်(General Power) မူရင်း (၁)စောင်နှင့်မိတ္တူ (၆)စောင်၊ မူရင်းတွင် ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်း ကပ်နှိပ်ရပါမည်။

**- သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံကို ပူးတွဲဖော်ပြထားပါသည် -**

## မိတ္တူကူးယူခြင်း

- လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူသည် ၎င်း၏ အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်း များနှင့် စီရင်ချက် အမိန့်တို့ကို မိတ္တူအဖြစ်ကူးယူခွင့်ပြုရန် တင်ပြ လျှောက်ထားနိုင်ပါသည်။
- မိတ္တူကူးလျှောက်ထားလိုသူသည် မိတ္တူကူးလျှောက်လွှာ **အခဃ-၅ ပုံစံ**တွင် ပြည့်စုံစွာ ရေးသားဖြည့်စွက်၍ ထိုလျှောက်လွှာပေါ်တွင် ရုံးခွန်အက်ဥပဒေအရ လျှောက်လွှာအတွက် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်း ကပ်ပြီး လက်မှတ်ရေးထိုးကာ မှတ်ပုံတင်အရာရှိထံ တင်သွင်းရပါမည်။
- သတ်မှတ် မိတ္တူကူးခကို မြန်မာ့စီးပွားရေးဘဏ်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရပါ မည်။ မိတ္တူကူးခကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-
  - စာတစ်မျက်နှာ သို့မဟုတ် တစ်မျက်နှာ၏ အစိတ်အပိုင်းအတွက် တစ်ရာကျပ်နှုန်း၊
  - အလျင်အမြန် မိတ္တူကူးပေးရန် ဖြစ်လျှင် ကျသင့်မိတ္တူကူးခ၏ ငါးဆ၊
- မိတ္တူရေးကူးပေးခြင်းကို မိတ္တူကူးခ ပေးသွင်းပြီးကြောင်း အထောက်အထားရရှိသည့်နေ့မှ (၅) ရက်အတွင်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ တာဝန်ခံမိတ္တူ ထုတ်ယူခြင်းဖြစ်ပါက ထိုက်သင့် ရုံးခွန်ကို ကပ်နှိပ် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

**- သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ အောက်တွင် ပူးတွဲဖော်ပြထားပါသည် -**

## ရုံးခွန်ထိုက်သင့်မှု

- အယူခံမှုလျှောက်ထားခြင်းအတွက် ရုံးခွန် ထိုက်သင့်မှုမှာ ၅၀၀ ကျပ် ဖြစ်ပါသည်။
- ထိုက်သင့်သည့် ရုံးခွန် ကပ်တံဆိပ်ခေါင်း၏ နမူနာ ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -



**အခွန်အယူခံ ခုံအဖွဲ့ ရုံးတော်**

**၂၀ ခုနှစ်၊ --------------- ပြန်လည်သုံးသပ်မှု/ပြင်ဆင်မှု အမှတ် (          )**

အမည် - ----------------------------

နိုင်ငံသား စိစစ်ရေးအမှတ် - ----------------------------

လိပ်စာ - ---------------------------- --------------- လျှောက်ထားသူ

- ----------------------------

ဖုန်းနံပါတ် - ----------------------------

နှင့်

အမိန့်ထုတ်ပြန်သည့် - ----------------------------

ဌာန၏ အမည်နှင့် - ---------------------------- --------------- လျှောက်ထားခံရသူ

တည်ရှိရာအရပ် - ----------------------------

- ----------------------------

(အထက်ပါလိပ်စာသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ တို့အား ဆင့်ဆိုရန် လိပ်စာ ဖြစ်ပါသည်။ သို့မဟုတ် လိပ်စာကို သီးခြားလျှောက်လွှာ စာတွဲဖြင့်လည်း တင်သွင်းနိုင်သည်။)

**လျှောက်ထားသူ၏** --------------------------------------------------------
-------------------------- **ပြန်လည်သုံးသပ်/ပြင်ဆင်ပေးစေလိုမှု တင်ပြလျှောက်ထားခြင်း**

အထက်ပါအမှုအား လျှောက်ထားသူ **ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်**မှ အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

**အမှုအကြောင်းအရာအကျဉ်း**

အမှုမှာ -----------------------------------------------------------------------------------------------
-----------------------------------------------------------------------------------------------။

**ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအပေါ် အယူခံ အကြောင်းပြချက်များ**

၁။ ကာလစည်းကမ်းသတ် ကျော်လွန်သည့် အမှုဖြစ်မှသာ တင်ပြရန် --------------------------------------------
-----------------------------------------------------------------------။

**အကြောင်းပြချက်များ**

၁။ -----------------------------------------------------------------------------------------------
---------------------------။

၂။ -----------------------------------------------------------------------------------------------
---------------------------။

(လက်မှတ်)
လျှောက်ထားသူ၏ ရှေ့နေ ကိုယ်စားလှယ်အမည်
နိုင်ငံသား စိစစ်ရေးအမှတ် (သို့) ရှေ့နေဖြစ်ပါက
လိုင်စင်အမှတ်၊ လိပ်စာ အပြည့်အစုံ

( သို့မဟုတ် )

(လက်မှတ်)
လျှောက်ထားသူအမည်
နိုင်ငံသား စိစစ်ရေးအမှတ်
လိပ်စာ အပြည့်အစုံ

အမှုတင်သည့်နေ့စွဲ။ --------------------------။

လျှောက်ထားချက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများစာရင်း

## မိတ္တူလျှောက်လွှာ

၁။ လျှောက်ထားသူအမည် -----------------------------------------------------------------------

၂။ မိတ္တူကူးလိုသော အမှုတွဲ -

( က ) အမျိုးအစား ခုနှစ် နှင့် အမှတ် -----------------------------------------------------------

( ခ ) အမှုသည်တို့၏ အမည်များ ----------------------------------------------------------------

၃။ မိတ္တူလျှောက်လွှာ တင်သောရက် ------------------------------------------------------------

၄။ မိတ္တူရယူလိုသည့် စာရွက်စာတမ်း အမျိုးအမည် ----------------------------------------------------

၅။ မိတ္တူကူးရန် မူရင်းစာ၏ စာမျက်နှာ အရေအတွက် --------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

၆။ ရယူလိုသည့် မိတ္တူ အမျိုးအစား -----------------------------------------------------------

၇။ တာဝန်ခံ မိတ္တူအတွက် ရုံးခွန်တံဆိပ်ခေါင်း (လိုအပ်လျှင်) -------------------------------------------

၈။ လျှောက်ထားသူသည် အမှုနှင့် မည်သို့ သက်ဆိုင်သည် ----------------------------------------------

------------------------------------------------------------------------------------------------

လျှောက်ထားသူ၏ လက်မှတ် ----------------------

နိုင်ငံသား စိစစ်ရေးအမှတ် -------------------------

ရက်စွဲ၊ ----------------------

---

----------------------- မှုအမှတ် (        /          ) ၏ -------------------------- နှင့် --------------------------- တို့ အမှုတွင် ---------------------------------------------------------------------- ကို ရိုးရိုးမိတ္တူ/တာဝန်ခံမိတ္တူကူးရန် ---------------------------------- က တင်သွင်းသည့် လျှောက်လွှာကို ----------------------- ရက် --------------- နာရီ အချိန်တွင် လက်ခံ ရရှိပါသည်။

မှတ်ပုံတင် အရာရှိ

လက်မှတ် --------------------------------

အမည် -----------------------------------

ရက်စွဲ၊ ----------------------